United Nations Nations Unies

INDEPENDENT INVESTIGATIVE MECHANISM FOR MYANMAR • MÉCANISME D'ENQUÊTE INDÉPENDANT POUR LE MYANMAR

**FACEBOOK** ရှိ ရိုဟင်ဂျာဆန့်ကျင်ရေး အမုန်းစကားများနှင့်ပတ်သက်သည့် အကြောင်းအရာနှင့် ကွန်ရက်ချိတ်ဆက်မှု စိစစ်သုံးသပ်ချက်

## အများပြည်သူဖတ်ရှုနိုင်ရန်အတွက် ထုတ်ပြန်သည့် အကျဉ်းချုပ်

၁။ ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား (“IIMM” သို့မဟုတ် “ယန္တရား”) ကို ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် ၃၉/၂ အရ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှစ၍ ကျူးလွန်ခဲ့သော ကြီးလေးသည့် နိုင်ငံတကာရာဇဝတ်မှုများနှင့် ဆက်စပ်သော သက်သေအထောက်အထားများကို စုဆောင်းသုံးသပ်ရန် လုပ်ပိုင်ခွင့် ချမှတ်ခဲ့ပြီး အဆိုပါ ရာဇဝတ်မှုများကို တရားစီရင်ပိုင်ခွင့်ရှိသော နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် နိုင်ငံတကာ တရားရုံးများတွင် တရားစီရင်နိုင်ရေးအတွက် အမှုတွဲများမျှဝေရန် တာဝန်ပေးအပ်ခဲ့သည်။

၂။ ယန္တရားသည် ၎င်း၏လုပ်ပိုင်ခွင့်ကို အကောင်အထည်ဖော်ရာတွင် ရိုဟင်ဂျာဆန့်ကျင်ရေး အမုန်းစကားများနှင့် သက်ဆိုင်သော အထောက်အထားပမာဏများစွာကို စုဆောင်းရရှိခဲ့သည်။ ထို့နောက် ယင်းအထောက်အထားများကို လေ့လာဆန်းစစ်ပြီး ဤစိစစ်သုံးသပ်ချက်အစီရင်ခံစာကို ပြင်ဆင်ခဲ့သည်။ ရိုဟင်ဂျာများကို တိုက်ခိုက်သည့် အမုန်းစကားများ ဖြန့်ချိရာတွင် မြန်မာစစ်တပ်၏ ပါဝင်မှုအခန်းကဏ္ဍကို စိစစ်သုံးသပ်သည့် ယန္တရား၏အကြီးစားသုတေသနမှ တွေ့ရှိချက်များကို ဤအစီရင်ခံစာတွင် တင်ပြထားသည်။

၃။ ယင်းသုတေသနတွင် ၂၀၁၇ ခုနှစ် ဇူလိုင်လ မှ ဒီဇင်ဘာလကြား ဖေ့ဘုတ်စာမျက်နှာ ၄၃ ခုတွင် ရေးသားသည့် အကြောင်းအရာများကို စိစစ်သုံးသပ်ထားသည်။ စိစစ်သုံးသပ်သည့် အချိန်ကာလတွင် မြန်မာစစ်တပ်၏ ရှင်းလင်းစစ်ဆင်ရေးကာလနှင့် ARSA အဖွဲ့၏ တိုက်ခိုက်မှုဖြစ်ပွားခဲ့သော ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် မတိုင်မီ ၅၅ ရက် တို့ ပါဝင်သည်။ ဖေ့စ်ဘုတ်၏ မိခင်ကုမ္ပဏီဖြစ်သော Meta က အဆိုပါစာမျက်နှာများကို ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် ဖြုတ်ချခဲ့ပြီးဖြစ်သည်။ ယင်းတို့အနက် စာမျက်နှာ ၆ ခုသည် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဆက်စပ်နေသောကြောင့်လည်းကောင်း၊ ကျန် ၃၇ ခုသည် မည်သူမည်ဝါဖြစ်သည်ကို မှန်ကန်စွာ မဖော်ပြဘဲ Meta ၏ အသုံးအနှုန်းအရ “ပူးပေါင်းအယောင်ဆောင်အပြုအမူများ (coordinated inauthentic behaviour)” ကြောင့်လည်းကောင်း ဖြုတ်ချခဲ့ခြင်း ဖြစ်သည်။

၄. ယန္တရား၏ဆန်းစစ်ချက်အရ အဆိုပါ ဖေ့စ်ဘုတ်စာမျက်နှာများတွင် စိစစ်သုံးသပ်သည့်အချိန်ကာလအတွင်း ဖြန့်ဝေခဲ့သော ထောင်နှင့်ချီသည့် ရေးသားချက် (ပို့စ်) များသည် အမုန်းစကားသတ်မှတ်ချက်နှင့် ကိုက်ညီနေသည်။ ယင်းရေးသားချက်များတွင် ရိုဟင်ဂျာများသည် မြန်မာနိုင်ငံရှိ အခြားတိုင်းရင်းသားလူမျိုးစုများနှင့် ဗုဒ္ဓဘာသာကို ခြိမ်းခြောက်နေသည်ဟု ပုံဖော်ကာ လှုံ့ဆော်ထားကြသည်။

၅. ယန္တရား၏ တွေ့ရှိချက်အရ အဆိုပါ ဖေ့စ်ဘုတ်စာမျက်နှာ ၄၃ ခုသည် မြန်မာစစ်တပ်နှင့် ချိတ်ဆက်နေသော ကွန်ရက်တစ်ခု၏ အစိတ်အပိုင်းများဖြစ်နေသည်။ ယင်းစာမျက်နှာများကို ဖန်တီးသူ၊ စီမံခန့်ခွဲသူနှင့် အယ်ဒီတာများသည် အများအားဖြင့် တူညီနေကြသည်။ ယင်းစာမျက်နှာများသည် တူညီသော IP လိပ်စာများ အသုံးပြုကာ အမုန်းစကားများကို ဖြန့်ဝေခဲ့သည်ဟု ညွှန်ပြသည့် အချက်အလက်များကို ယန္တရား၏ အစီရင်ခံစာတွင် ရှင်းလင်းစွာ တင်ပြထားသည်။ ဖေ့စ်ဘုတ်စာမျက်နှာများစွာတွင် တူညီသည့်ရေးသားချက်များကို ထပ်ဆင့်ဖြန့်ဝေလေ့ရှိပြီး တခါတရံ မိနစ်ပိုင်းအတွင်း ဖြန့်ဝေလေ့ရှိသည်။ ဤဖေ့ဘုတ်စာမျက်နှာများကို လေ့လာသုံးသပ်သည့် ယန္တရား၏ အစီရင်ခံစာတွင် မြန်မာစစ်တပ်သည် ၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးကာလ၌ ရိုဟင်ဂျာဆန့်ကျင်ရေးအမုန်းစကားများကို အစဉ်တစိုက် ဖြန့်ချိလှုံ့ဆော်ခဲ့သည်ဟု ကောက်ချက်ချသည်။